# ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှစ်ပတ်လည် အစည်းအဝေး (၂၀၀၉) ပဥ္စမနေ့ (၂၇–၁၁–၂၀၀၉)တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း နာယက၊ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ် ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မြွက်ကြားသော သြဝါဒ စကား အပြည့်အစုံ

မောင်တို့မယ်တို့

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးရဲ့ နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးကြီးကို တက်ရောက်လာကြတဲ့ မောင်တို့မယ်တို့အပါအဝင် အသင်းဝင်အားလုံးကို ဂုဏ်ပြု နှုတ်ခွန်းဆက် လိုက်ပါတယ်။

မောင်တို့မယ်တို့

ဒီ့အသင်းကြီးဟာ ပြည်သူများလိုလားတောင့်တနေကြတဲ့ နိုင်ငံတော်သစ် ထူထောင်ရေး လုပ်ငန်းစဉ်ကြီးကို ပြည်သူများနဲ့အတူ ဝိုင်းဝန်းအကောင်အထည် ဖော်ခဲ့ကြတာ အခုဆိုရင် (၁၆)နှစ် ရှိလာပြီဖြစ်တယ်။ ပါဝင်ဆောင်ရွက်ခဲ့ကြတဲ့ နိုင်ငံတော် တည်ငြိမ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်တွေနဲ့ ယှဉ်တွဲပြီး စည်းရုံးရေး အတွေ့အကြုံတွေရော၊ ပူးပေါင်းတည်ဆောက်ရေး အတွေ့ အကြုံ တွေ ကိုပါ ရရှိခဲ့ပြီး ရင့်ကျက်ခိုင်မာမှု ရှိနေပြီဖြစ်တယ်။

ဒီ့အသင်းကြီးကို စတင်ဖွဲ့စည်းစဉ်ကတည်းက နိုင်ငံတော်ကြီး တည်ငြိမ် အေးချမ်းစွာနဲ့ အဓွန့်ရှည်စွာ တည်တံ့ရေးနဲ့ ပြည်သူများရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို စဉ်ဆက်မပြတ်ရရှိစေရေးအတွက် မွန်မြတ်ဖြူစင်တဲ့စေတနာနဲ့ ပါဝင်ဆောင် ရွက်ကြဖို့ ကိုယ်တိုင်ဆန္ဒရှိပြုသူများနဲ့ ဖွဲ့စည်းခဲ့တာဖြစ်တယ်။ ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်၊ လူတစ်စုတစ်ဖွဲ့ လူတန်းစားတစ်ရပ်အတွက် ရည်ရွယ်ဖွဲ့စည်း ထူထောင်ထားတာ မဟုတ်တဲ့အတွက် ဒီ့အသင်းဟာ ပုဂ္ဂိုလ်စွဲ၊ အုပ်စုစွဲ၊ ဂိုဏ်းဂဏစွဲဆိုတဲ့ စည်းလုံးညီညွတ်မှုကို ထိခိုက်စေတဲ့ အစွန်းတရားတွေက လွတ်လွတ်ကင်းကင်း ရပ်တည်နိုင်စွမ်းရှိတဲ့ အဖွဲ့အစည်းဖြစ်တယ်။ ပြည်သူများ နဲ့ ကင်းကွာမှုမရှိဘဲ ပြည်သူများရဲ့အကျိုးကို ထိရောက်စွာ ဆောင်ရွက်နိုင်တဲ့ အတွက် ပြည်သူရဲ့ ထောက်ခံအားပေးမှုတွေနဲ့ ကျယ်ပြန့်ကြီးထွား ခိုင်မာ လာတာဖြစ်တယ်။

မောင်တို့မယ်တို့

နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းစဉ်ကြီးဟာ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလ သုံးပါးစလုံး ဆက်စပ်ပြီး စဉ်ဆက်မပြတ် ဆောင်ရွက်ကြရတဲ့ လုပ်ငန်းစဉ်ကြီးဖြစ်တယ်။ တစ်မျိုးသားလုံးနဲ့ သက်ဆိုင်ပြီး နိုင်ငံသားအားလုံးက မှန်ကန်တဲ့အသိတရား၊ စစ်မှန်တဲ့ မျိုးချစ်စိတ်ဓာတ်နဲ့ ဝိုင်းဝန်းပါဝင်ဆောင်ရွက် ကြရမည့် အမျိုးသားရေးတာဝန်ကြီးဖြစ်တယ်။

မျိုးဆက်တစ်ခုက မျိုးဆက်သစ်တစ်ခုကို လွှဲပြောင်းရာမှာ နိုင်ငံတော်ကြီး ရေရှည်တည်တံ့ရေးနဲ့ ထာဝစဉ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကောင်းတွေ တည်ဆောက်ပေးဖို့လိုသလို ဆက်ခံသူတွေက လည်း ရည်မှန်းချက်ကို မျက်ခြည်မပြတ်ဘဲ ရပြီး၊ ရှိပြီးဖြစ်တဲ့ အခြေခံကောင်းတွေအပေါ် အခြေခံပြီး ပိုမိုတိုးတက်အောင် ဆောင်ရွက်ကြရမှာဖြစ်တယ်။

အနာဂတ် နိုင်ငံတော်သစ်ကြီးကို ပုံဖော်တည်ဆောက်ရာမှာ အဓိက လိုအပ်ချက်တစ်ခုကတော့ တည်ငြိမ်အေးချမ်းရေးဖြစ်တယ်။ နိုင်ငံတော်၊ ပြည်သူနဲ့၊ တပ်မတော်တို့ရဲ့ စုစည်းညီညွတ်မှု၊ တိုင်းရင်းသား စည်းလုံးညီညွတ် ရေးကို အလေးထားပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့ဆောင်ရွက်မှု များနဲ့ ပြည်သူများရဲ့ တည်ငြိမ်အေးချမ်းမှုကို ရယူလိုတဲ့ ဆန္ဒတွေကြောင့် တိုင်းရင်းသားများ နေထိုင်ကြတဲ့ နယ်စပ်ဒေသအပါအဝင် နယ်မြေအားလုံးလိုလို တည်ငြိမ်အေးချမ်းမှုရဲ့ ရလဒ်ကောင်းတွေကို ခံစားနေကြရပြီဖြစ်တယ်။ ပြည်သူ များရဲ့ ဆန္ဒ ပြည်ထောင်စုကြီးရဲ့ ရေရှည် အကျိုးအတွက် ဆက်လက်ကြိုးပမ်း နေကြရဦးမှာဖြစ်တယ်။

မောင်တို့မယ်တို့

နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းမှုတွေ တိုးတက်ခိုင်မာလာတာနဲ့ အမျှ နိုင်ငံတော်ရဲ့ နယ်မြေအားလုံး ကွက်လပ်မကျန် ဖွံ့ဖြိုးတိုးတက်စေဖို့ အတွက် အထူးဒေသကြီး(၂၄)ခု စီမံကိန်း၊ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းတွေကို ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့တယ်။ အသင်းဝင်တွေကလည်း ဒေသစုံ၊ ကဏ္ဍစုံ ပါဝင်ဆောင်ရွက်ခဲ့ကြတယ်။

နိုင်ငံသားတိုင်း အခြေခံလိုအပ်ချက်တွေဖြစ်တဲ့ စားဝတ်နေရေး ပြည့်စုံ နေဖို့လိုတယ်။ ပြည်သူတွေ ဝလင်အောင် စားသုံးနိုင်ဖို့ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရေးအတွက် အလေးထား ဆောင်ရွက်ပေးခဲ့တယ်။ ၁၉၈၈ ခုနှစ်မှာ အသားတင်စိုက်ပျိုးမြေကေ ၁၉ ဒသမ ၉ သန်းသာရှိခဲ့ရာက ၂၀၀၈–၂၀၀၉ ခုနှစ်မှာ ၂၉ ဒသမ ၃၂ သန်းအထိ တိုးတက်လာ ခဲ့တယ်။

စိုက်ပျိုးရေ ရရှိရေးအတွက် တပ်မတော်အစိုးရလက်ထက်မှာ ရေလှောင်တမံ စီမံကိန်းပေါင်း ၂၂၈ ခု၊ မြစ်ရေတင်စီမံကိန်းပေါင်း ၃၂၂ ခု၊ ဗမြအောက် ရေ ရရှိရေးအတွက် ရေတွင်းပေါင်း ၇၉၆၂ တွင်းသာမက ဆည်ငယ်၊ ကန်ငယ များကိုလည်း ပြုပြင်တည်ဆောက်ပေးခဲ့တယ်။ ဒီလို ဆောင်ရွက်ပေးမှုတွေ ကြောင့် ကေပေါင်း ၃ ဒသမ ၆ သန်းကျော် ရေသွင်း စိုက်ပျိုး နိုင်ခဲ့ပြီဖြစ်တယ်။

သီးနှံစိုက်ဧရိယာ ဟာလည်း ဒွိတာဝန်ယူစက ရာခိုင်နှုန်း ၁၂၀ သာရှိခဲ့ရာက ၂၀၀၈–၂၀၀၉ ခုနှစ်မှာ ၁၇၁ ဒသမ ၁ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့တယ်။ စုစုပေါင်း စိုက်ကေဟာလည်း ၁၉၈၈ ခုနှစ်မှာ ၂၃ ဒသမ ၈ သန်းသာ ရှိခဲ့ ရာက ၂၀၀၈–၂၀၀၉ ခုနှစ်မှာ ၅၆ ဒသမ ၉ သန်းအထိ တိုးတက်လာပြီ ဖြစ်တယ်။

ဆန်ဟာ ဒို့နိုင်ငံသားများ အဓိကစားသုံးတဲ့ သီးနှံဖြစ်တယ်။ တိုးပွားလာ တဲ့လူဦးရေကို မျှော်မှန်းပြီး ဝလင်အောင် ကျွေးမွေးနိုင်အောင် ဆောင်ရွက်ခဲ့ တယ်။ ၁၉၈၈ ခုနှစ်တွင် စပါးတင်းပေါင်း ၆၃၁ သန်းသာ ထုတ်လုပ်နိုင်ခဲ့ရာမှ ၂၀၀၈–၂၀၀၉ ခုနှစ်မှာ တင်းပေါင်း ၁၅၆၁ သန်း ထုတ်လုပ်နိုင်ခဲ့တယ်။

ပြည်တွင်း ဖူလုံပိုလျှံတဲ့အပြင် စားနပ်ရိက္ခာမပြည့်စုံသေးတဲ့ ကမ္ဘာ့နိုင်ငံများ အတွက်ပါ အကျိုးပြုနေပြီဖြစ်တယ်။ စပါးမျိုးသစ်များ သုတေသနပြု ထုတ်လုပ်ခြင်း၊ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်စိုက်ပျိုးခြင်း၊ သွင်းအင်အားစုများစနစ်တကျ ထည့်သွင်းခြင်း၊ ရေသောက်စနစ်များ တိုးချဲ့ တည်ဆောက်ခြင်း တို့နဲ့ စပါးတင်း သန်း ၂၀၀၀ ထွက်ရှိရေးကို ကြိုးပမ်းလျက်ရှိတယ်။

ပဲမျိုးစုံကို၁၉၈၈ ခုနှစ်မှာ စိုက်ကေ ၁ ဒသမ ၈ သန်းသာ စိုက်ပျိုးခဲ့ရာက ၂၀၀၈–၂၀၀၉ ခုနှစ်တွင် စိုက်ကေ ၁၀ဒသမ ၅၇သန်းနဲ့ မက်ထရစ်တန် ၅၃ ဒသမ ၃ သိန်းအထိ ထုတ်လုပ်နိုင်ခဲ့ပြီဖြစ်တယ်။ အာဆီယံ နိုင်ငံများအတွင်း ဦးဆောင် နိုင်ငံအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပြီး မိမိနိုင်ငံနဲ့ အာဆီယံ နိုင်ငံများရဲ့ ပဲထုတ်လုပ်မှုမြင့်မားရေးအတွက် ပေါင်းစပ်ဆောင်ရွက်လျက်ရှိတယ်။ ဆီထွက် သီးနှံ

စိုက်ဧကဟာလည်း ၁၉၈၈ ခုနှစ်မှာ စိုက်ဧက ငါးသန်းသာ ရှိခဲ့ရာက ၉ ဒသမ ၂၈ သန်းအထိ တိုးတက်လာပြီဖြစ်တယ်။

ယခင်က တစ်ဧကကို အမြင့်ဆုံးပိသာ ၀၀–၅၀၀ ခန့်သာ ထွက်ရှိတဲ့ ဝါစိုက်ခင်းတွေကို တစ်ဧက ပိသာ ၁၆၀၀ ကျော်ထွက်ရှိတဲ့ ငွေချည်(၆) ဝါမျိုးသစ်နဲ့ ပြောင်းလဲပေးနိုင်ခဲ့တယ်။ ဝတ်ရေးအတွက် အလားအလာကောင်းများ ရရှိနေပြီဖြစ်တယ်။

ပြည်သူများအတွက် အိမ်ရာဆောက်လုပ်ရာမှာ အသုံးဝင်တဲ့ ကျွန်းနဲ့ အခြားသစ်မာ စိုက်ခင်းဧကပေါင်း ၈၂၆၀၀၀ ကျော်ကို နိုင်ငံတော်က စိုက်ပျိုး ထူထောင်ထားပြီး ပုဂ္ဂလိကပိုင် ကျွန်းနဲ့ သစ်မာစိုက်ခင်း ၂၇၀၀၀၀ ကျော်ကို လည်း ခွင့်ပြုစိုက်ပျိုးထားပြီး ဖြစ်တယ်။

ကျေးလက်အိမ်ရာ များမှာ အသုံးပြုနိုင်ဖို့ ရွာအလိုက် ကျွန်း၊ သစ်မာနဲ့ အခြားစိုက်ဧက ၂၈၀၀၀ ကျော် စိုက်ပျိုးပြီး ဖြစ်တယ်။ မြို့ပြတွေမှာ လူဦးရေ ထူထပ်များပြားလာတဲ့အတွက် ဆင်းရဲ ကျပ်တည်းစွာ နေထိုင်ကြသူများ၊ အိုးပိုင်အိမ်ပိုင် မရှိသေးသူများ၊ ရရာနေရာမှာ ကျူးကျော်ပုံကျ နေထိုင်သူများအတွက် အခြေတကျ နေထိုင်နိုင်ဖို့ မြို့သစ် စီမံကိန်းများ ချမှတ် ဆောင်ရွက် ပေးလျက်ရှိတယ်။ နိုင်ငံတော်အနေနဲ့ နိုင်ငံ သားများရဲ့ နေထိုင်မှုအဆင့်အတန်း မြင့်မားရေး အတွက်ကိုလည်း အလေးထား ဆောင်ရွက်ပေးခဲ့တယ်။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်စေဖို့ စက်မှုနိုင်ငံထူထောင်ရမှာ ဖြစ်တယ်။ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားအောင် ဆောင်ရွက်ရင်း အရေးပါတဲ့ စက်မှုကဏ္ဍမှာ ပုဂ္ဂလိက ကဏ္ဍ တိုးတက်လာစေဖို့ စက်မှုဇုန် ၁၈ ဇုန် ထူထောင် ပေးခဲ့တယ်။ ၁၉၈၈ ခုနှစ်မှာ နိုင်ငံတော်ပိုင်စက်ရုံ ၆၂၄ ရုံ နဲ့ ပုဂ္ဂလိက စက်ရုံအလုပ်ရုံ ၃၅၀၀၀ ရှိရာက အခု နိုင်ငံတော်ပိုင်စက်ရုံ ၇၆၈ ရုံ၊ ပုဂ္ဂလိကပိုင် စက်ရုံအလုပ်ရုံ ၁၁၈၀၀၀ ကျော်အထိ ရှိလာပြီဖြစ်တယ်။

မောင်တို့မယ်တို့

လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ခြင်းဟာ ပြည်သူတွေရဲ့ လူမှုစီးပွား ရေး မြင့်မားခြင်းနှင့် ချစ်ကြည်ရင်းနှီးမှုများကို တိုးတက်ဖြစ်ထွန်းစေတယ်။ ကျေးရွာချင်းဆက်လမ်းတွေ၊ ကျေးလက်နဲ့ မြို့ပြဆက်သွယ်တဲ့လမ်းတွေ၊ ခရိုင် ချင်းဆက်လမ်းတွေ၊ ပြည်နယ်၊ တိုင်းချင်းဆက်သွယ်တဲ့ လမ်းတွေ၊ အမြန်လမ်းမကြီးတွေကို ကွန်ရက်သဖွယ် ဖောက်လုပ်ပေးခဲ့တယ်။ လမ်းများကိုလည်း အဆင့်မြှင့် တင်ပေးခဲ့တယ်။ ၁၉၈၈ခုနှစ်က လမ်းမိုင်ပေါင်း ၂၁၀၀၀ကျော် ရှိရာက အခုဆိုလျှင် မိုင်ပေါင်း ၄၁၇၀၀ ကျော် ရှိလာပြီဖြစ်တယ်။ ဒါ့အပြင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် ကျေးလက်လမ်း မိုင်ပေါင်း ၃၉၄၀၀ ကျော် ကိုလည်း ဖောက်လုပ်ပေးပြီးဖြစ်တယ်။

တပ်မတော်အစိုးရ တာဝန်ယူတဲ့ကာလအတွင်း ရှိပြီးရထားလမ်းများကို အဆင့်မြှင့်တင်ပေးပြီး ရထားလမ်းသစ်များကိုလည်း ဖောက်လုပ်ပေးခဲ့တယ်။ ၁၉၈၈ခုနှစ်မှာ သံလမ်းမိုင် ၂၇၉၃ဒသမ ၈၆ မိုင်သာရှိရာက အခု ၄၃၃၈ ဒသမ ၉မိုင်အထိ ရှိလာပြီဖြစ်တယ်။ ပုသိမ်–ဟင်္သာတ–ကြံခင်းလမ်းကို ပခုက္ကူအထိ အသစ်ဖောက်လုပ်နေဆဲဖြစ်တယ်။ ပုသိမ်–အိမ်မဲ–ညောင်တုန်း–လှိုင်သာယာ ရထားလမ်းကိုလည်း ရောဝတီမြစ်ကူးတံတားသစ် တစ်စင်းနဲ့ အတူ ဖောက်လုပ်ရန် ဆောင်ရွက်နေပြီဖြစ်တယ်။ ပဲခူးရိုးမ ဖြတ်ကျော် ဖောက်လုပ်မည့် ပြည်–တောင်ငူ ရထားလမ်း၊ ပုသိမ်–ပခုက္ကူ ရထားလမ်းက နေပြည်တော်အထိ သွားလာနိုင်ဖို့ မလွန်–ပထနဂို–သစ်ရာကောက် ရထားလမ်း၊ စစ်တွေ–အမ်း–မင်းဘူး ရထားလမ်း၊ ကသာ–ဗန်းမော် ရထားလမ်း၊ မိုးနဲ–ကျိုင်းတုံ ရထားလမ်း၊ ဘုရားငါးဆူ–ပျော်ဘွယ်–နတ်မောက်–မကွေးရထား လမ်း၊ ထားဝယ်–မြိတ်ရထားလမ်း စုစုပေါင်း မိုင် ၁၂၀၀ ကျော်ကိုဖောက်လုပ် ရန် စီမံဆောင်ရွက်လျက်ရှိတယ်။

၁၉၈၈ခုနှစ်အထိ ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်၊ စစ်တောင်းမြစ်ကြီးတွေ မှာ တံတားကြီး ငါးစင်း သာရှိခဲ့တယ်။ အခု ထပ်မံတည်ဆောက်ပြီးတဲ့ တံတား ကြီး ၁၈စင်းရှိပြီဖြစ်တယ်။ ဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် စင်းခမ်း(ဗန်းမော်)၊ ပခုက္ကူ၊ မလွန်၊ ညောင်တုန်းတို့မှာ တံတားသစ်ကြီး လေးစင်းကို ထပ်မံ တည် ဆောက်ဖို့ လုပ်ငန်းများ စတင်နေပြီဖြစ်တယ်။ စုစုပေါင်း ပေ ၁၈၀ အထက် ကားလမ်း တံတားပေါင်း ၂၃၂ စင်း၊ ရထားလမ်း တံတားပေါင်း ၅၅ စင်း ဆောက်လုပ် ပေးခဲ့ပြီးဖြစ်တယ်။

လေဆိပ်အသစ်များ တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင် မွမ်းမံခြင်းတွေ ကိုလည်း ဆောင်ရွက်နိုင်ခဲ့တယ်။ လေယာဉ်ပြေးလမ်း ပေ ၅၀၀၀ အထက် ရှိတဲ့ လေယာဉ်ကွင်း ၂၁ ကွင်းကနေ ၃၇ ကွင်းအထိ တိုးတက်တည်ဆောက် နိုင်ခဲ့တယ်။ နေပြည်တော်လေဆိပ်ကိုလည်း နိုင်ငံတကာအဆင့်မီ တည် ဆောက်လျက်ရှိတယ်။

၁၉၈၈ ခုနှစ်မတိုင်မီက အပြည်ပြည်ဆိုင်ရာ သင်္ဘောကြီးတွေ ဆိုက်ကပ် နိုင်တဲ့ ဆိပ်ခံတံတား ၁၃ ခုသာရှိရာက အခုအထိ ကုန်သေတ္တာတင်ချနိုင်တဲ့ ဆိပ်ခံတံတား ၂၈ ခု၊ ကုန်းတွင်း ကုန်သေတ္တာ ဒစခန်း သုံးခု ထပ်မံတည်ဆောက် နိုင်ခဲ့တယ်။ ကျောက်ဖြူနဲ့ ထားဝယ်တို့မှာ ရေနက်ဆိပ်ကမ်းများ ဆောက်လုပ် နိုင်ရေးအတွက်လည်း စတင်ဆောင်ရွက်နေပြီဖြစ်တယ်။

ဆက်သွယ်ရေးကဏ္ဍမှာလည်း အော်တိုတယ်လီဖုန်းပေါင်း ၉၃၆၈၂၀ အထိ ရှိလာပြီဖြစ်တယ်။ မိုဘိုင်းတယ်လီဖုန်း ၁၀၁၀၀၀၀ ကျော် တပ်ဆင် အသုံးပြုနေပြီဖြစ်တယ်။ ကမ်းနီးပင်လယ်ပြင်နဲ့ ကျေးလက်ဒေသ များအထိပါ ဆက်သွယ်မှုရရှိနေပြီဖြစ်တယ်။ ဖက်စ်၊ အီးမေးလ်၊ အင်တာနက်တို့နဲ့ ဆက်စပ် တဲ့ ဝန်ဆောင်မှုများလည်း တိုးတက်ရရှိနေပြီဖြစ်တယ်။

လျှပ်စစ်ဓာတ်အား တိုးတက်သုံးစွဲနိုင်ရေးအတွက်လည်း စီမံဆောင်ရွက် လျက်ရှိတယ်။ ယခင်က ရေအားလျှပ်စစ် ထုတ်လုပ်မှု ၂၂၈ မဂ္ဂါဝပ် သာရှိခဲ့ရာ က တည်ဆောက်ပြီး ရေအားလျှပ်စစ်စက်ရုံများ ၁၃၉၇ မဂ္ဂါဝပ် တိုးတက်ထုတ်လုပ်နိုင်ခဲ့တယ်။ အခြားတည်ဆောက်ပြီး စက်ရုံ များအပါအဝင် ၂၂၅၅ ဒသမ ၉ မဂ္ဂါဝပ် ထိ ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိတယ်။ တည်ဆောက်နေဆဲ ရေအားလျှပ်စစ်စီမံကိန်း ၄၇ ခုပြီးစီးပါက ၃၇၄၆၇ဒသမ ၅ မဂ္ဂါဝပ် ထပ်မံရရှိ လာမှာဖြစ်တယ်။ မဂ္ဂါဝပ် ၁၀၀၀ ကျော်ရမည့် စီမံကိန်းငါးခုကိုလည်း ဆောင် ရွက်ရန် စီမံလျက်ရှိတယ်။ နောင်ဆိုရင် ရေအားလျှပ်စစ် စီမံကိန်းများက ၃၈၄၆၇ဒသမ၅ မဂ္ဂါဝပ် ထိ ရလာတော့မှာဖြစ်တယ်။ မဟာဓာတ်အားလိုင်းများ ကိုလည်း တည်ဆောက် လျက်ရှိတယ်။

ရေနံနဲ့ သဘာဝဓာတ်ငွေ့ တိုးတက်ထုတ်လုပ်နိုင်စေဖို့ ကမ်းလွန်၊ ကုန်းတွင်း ဒေသတွေမှာ ကြိုးပမ်းလျက်ရှိတယ်။ အဖိုးတန် မြေအောက်သယံဇာတ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက်လည်း စီမံဆောင်ရွက်လျက်ရှိတယ်။

မောင်တို့မယ်တို့

နိုင်ငံတော်တည်ဆောက်ရာမှာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဟာလည်း အခြေခံ လိုအပ်ချက် တစ်ခုဖြစ်တယ်။

အခြေခံပညာကျောင်းများ ထပ်မံတိုးချဲ့ ဖွင့်လှစ်ပေးနိုင်ခဲ့တဲ့အတွက် အခြေခံပညာကျောင်းပေါင်း ၄၀၆၇၉ ကျောင်း ရှိလာပြီဖြစ်တယ်။ မူလတန်းကျောင်းတွေမှာ ရှစ်တန်းအထိ သင်ယူနိုင်တဲ့ မူလွန်ကျောင်းပေါင်း ၆၆၀၁ ကျောင်း၊ တွဲဖက် အလယ်တန်း ကျောင်းနဲ့ အလယ်တန်းကျောင်းခွဲပေါင်း ၁၇၂၃ ကျောင်း၊

တွဲဖက်အထက် တန်းကျောင်းနဲ့ အထက်တန်းကျောင်းခွဲပေါင်း ၁၀၉၂ ကျောင်းအထိ ရှိလာပြီ ဖြစ်တယ်။ ကိုယ့်ရပ်၊ကိုယ့်ရွာမှာ ပညာသင်ကြားနိုင်တဲ့ အခွင့်အရေးများရရှိဖို့ စီမံပေးခဲ့ခြင်းဖြစ်တယ်။ ၂၀၀၉–၂၀၁၀ ပညာသင်နှစ်မှာ အသက်(၅)နှစ် ပြည့်ပြီး ကလေးငယ်များရဲ့ သူငယ်တန်းကျောင်းဝင်နှုန်း ၉၈ဒသမ ၂၅ရာခိုင် နှုန်းနဲ့ သက်ကြီးစာတတ်မြောက်မှုနှုန်း ၉၄ ဒသမ ၈၉ ရာခိုင်နှုန်းအထိ ရှိလာပြီဖြစ်တယ်။

နယ်မြေဒေသအလိုက် အဆင့်မြင့်ပညာများကို သင်ယူနိုင်ရေးအတွက် လည်း စီမံ ဆောင်ရွက်ပေးခဲ့တယ်။ ယခင်က တက္ကသိုလ်၊ ကောလိပ် ၃၂ ကျောင်းသာရှိရာက ယခု ၁၅၉ ကျောင်းအထိ ရှိလာပြီ ဖြစ်တယ်။

ကျန်းမာရေးကဏ္ဍမှာလည်း ဆေးရုံပေါင်း ၂၅၃ ရုံကို အသစ်တည် ဆောက်ပေးခဲ့ပြီး ဆေးရုံ ပေါင်း ၂၆၄ ရုံ ကို အဆင့်မြှင့်တင်ပေးခဲ့တယ်။ အခုဆိုရင် ဆေးရုံပေါင်း ၈၈၄ ရုံ ရှိနေပြီဖြစ်တယ်။ ဆေးဘက်ဆိုင်ရာ တက္ကသိုလ်ပေါင်း ၁၆ ခု ဖွင့်လှစ်ပေးခဲ့တယ်။ ပြည်သူများရဲ့ ကျန်းမာရေးနဲ့ သက်တမ်းစေ့ နေနိုင်ရေးအတွက် အလေးထား ဆောင်ရွက်လျက်ရှိတယ်။

မောင်တို့မယ်တို့

ဒီနေ့ ဒို့တစ်တွေရရှိထားတဲ့ တည်ငြိမ်အေးချမ်းမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှု တွေဟာ ရည်မှန်းချက်ကို မျက်ခြည်မပြတ်ဘဲ မှန်ကန်တဲ့ မူဝါဒ၊ လက်တွေ့ ကျတဲ့လမ်းစဉ်၊ စေတနာပါတဲ့ အကောင်အထည်ဖော်မှုတွေကြောင့် ဖြစ် တယ်။ နိုင်ငံတော်အစိုးရ၊ ပြည်သူနဲ့ တပ်မတော်တို့ရဲ့ စစ်မှန်တဲ့ မျိုးချစ် စိတ်ဓာတ်အပေါ် အခြေပြုထားတဲ့ စည်းလုံးညီညွတ်မှု၊ တိုင်းရင်းသား ပြည်သူအားလုံးရဲ့ အကျိုးအတွက် ကိုယ်ပိုင်စွမ်းအားနဲ့ မဖြစ်မနေ ကြိုးပမ်းဆောင်ရွက်မှု၊ တွေ့ကြုံရတဲ့ အတားအဆီး အခက်အခဲတွေကို စွန့်လွှတ်စွန့်စားရဲတဲ့ သတ္တိ မှန်ကန်တဲ့နည်းလမ်းတွေနဲ့ ကျော်လွှားနိုင်မှု တွေကြောင့် ဖြစ်တယ်။ ဒီအစဉ်အလာကောင်းတွေ အခြေခံကောင်းတွေဟာ ပြည်သူတွေ မျှော်မှန်းတဲ့ နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာစေရေးအတွက် လိုအပ်ချက်တွေ ဖြစ်တဲ့အတွက် ဆက်လက် ထိန်းသိမ်းဆောင်ရွက်သွား ကြရမှာ ဖြစ်တယ်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးဟာ ပြည်သူအားလုံးရဲ့ ရည်မှန်းချက်ပန်းတိုင်ဖြစ်တယ်။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ဟာ မဖြစ်မနေ ခံယူကျင့်သုံး ကြရမည့် မူဝါဒတွေဖြစ်တယ်။ ချမှတ်ကျင့်သုံးလျက်ရှိတဲ့ နိုင်ငံရေးနည်းလမ်း၊ စီးပွားရေးနည်းလမ်း၊ လူမှုရေးနည်းလမ်းတွေဟာလည်း နိုင်ငံရဲ့ ပကတိအခြေ အနေတွေနဲ့ကိုက်ညီတဲ့ လက်တွေ့ကျတဲ့ နည်းလမ်းတွေဖြစ်တယ်။ နိုင်ငံရေး နည်းလမ်းတွေထဲမှာပါရှိတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူများရဲ့ ဆန္ဒခံယူပြီး အတည်ပြုနိုင်ခဲ့ပြီ ဖြစ်တဲ့အတွက် ဆက်လက်ပြီး ခိုင်မြဲအောင် ထိန်းသိမ်းစောင့်ရှောက်ဖို့ လိုအပ်မှာဖြစ်ပြီး ကျန်နည်းလမ်းတွေကိုတော့ ဆက်လက်စွဲကိုင် သယ်ပိုးသွားကြရမှာ ဖြစ်တယ်။

လာမည့် ၂၀၁၀ ခုနှစ်မှာ ပြည်သူတွေ အတည်ပြုပြီးဖြစ်တဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့အညီ တရားမျှတတဲ့ ရွေးကောက်ပွဲတွေ ကျင်းပပေးသွားမှာ ဖြစ်တယ်။ မိမိတို့ရဲ့ ယုံကြည်မှုအပေါ် အခြေပြုဖွဲ့စည်းထားတဲ့ ပါတီတွေ၊ နိုင်ငံရေးလှုပ်ရှားမှု အသွင်သဏ္ဍာန် အသစ်တွေနဲ့လည်း ကြုံတွေ့ကြရမှာ ဖြစ်တယ်။

မောင်တို့မယ်တို့

လွတ်လပ်ရေးရပြီးစ မြန်မာ့သမိုင်းကြောင်းကို ပြန်ကြည့်မယ်ဆိုရင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်း လုပ်ဆောင်ကြရမည့်အစား ဝါဒစွဲ၊ ကျဉ်းမြောင်းတဲ့လူမျိုးစွဲ၊ အတ္တစွဲ၊ မာနစွဲ၊ ဂိုဏ်းဂဏစွဲ၊ ပုဂ္ဂိုလ်စွဲ တွေကြောင့် စိတ်ဝမ်းကွဲမှု၊ ပဋိပက္ခဖြစ်မှုတွေနဲ့ နောက်ဆုံး လက်နက်ကိုင် ဆူပူသောင်းကျန်းမှု တွေ ဖြစ်ပွားရာက ပြည်သူတွေရဲ့ အသက်အိုးအိမ် စည်းစိမ်တွေ ဆုံးရှုံး ပျက်စီးခဲ့မှု တွေကို ကြုံတွေ့ခဲ့ရပြီး ဖြစ်တယ်။

၁၉၈၈ ခုနှစ်မှာလည်း ဒီမိုကရေစီရေးနဲ့ လူ့အခွင့်အရေးကို ကြွေးကြော်ပြီး အာဏာကို ဖြတ်လမ်းက ရယူလိုတဲ့ လူပုဂ္ဂိုလ်တွေ၊ ပါတီအဖွဲ့အစည်းအချို့ရဲ့ ဖန်တီးမှုတွေနဲ့ ပြည်ပက အဖွဲ့အစည်းအချို့ရဲ့ သွေးထိုး လှုံ့ဆော်မှုတွေကြောင့် မငြိမ်မသက်မှုတွေ ပေါ်ပေါက်လာပြီး အနိဋ္ဌာရုံ၊ အဖြစ်ဆိုးတွေကို ခံစားခဲ့ကြရပြီး ဖြစ်တယ်။

ဒီဖြစ်စဉ်တွေဟာ ဒို့နိုင်ငံရဲ့ သမိုင်းမှာ အမှန်တကယ်ဖြစ်ပွားခဲ့တဲ့ ဖြစ်စဉ်တွေဖြစ်တယ်။ ပါတီတိုင်း၊ ပါတီတိုင်းဟာ မိမိတို့ရဲ့ ယုံကြည်ခံယူမှုများ ရှိကြမှာဖြစ်ပေမယ့် နိုင်ငံတော်ရဲ့ သမိုင်းပေး လိုအပ်ချက်ဖြစ်တဲ့ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ပစ်ပယ်ခြင်းမပြုဖို့လိုတယ်။ ပြည်သူတွေရဲ့ လူနေမှုဘဝ ပြည့်စုံလုံခြုံရေးအတွက် နောက်ကြောင်း မပြန်ဘဲ ရှိပြီး၊ ရပြီးဖြစ် တဲ့ တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုတွေကို ကာကွယ်ထိန်းသိမ်းပြီး ပိုမိုတိုးတက်ခိုင်မာအောင် တစ်ဆင့်ပြီးတစ်ဆင့် ဝိုင်းဝန်းဆောင်ရွက်သွားကြရမှာဖြစ်တယ်။

မောင်တို့မယ်တို့

ဒို့အသင်းကြီးဟာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝဘေးအန္တရာယ် ကျရောက်ချိန် ကယ်ဆယ်ရေးနဲ့ ပြန်လည် ထူထောင်ရေးစတဲ့ တိုင်းကျိုးပြည်ပြုလုပ်ငန်းတွေမှာ ပြည်သူတွေနဲ့ ပူးပေါင်းပြီး ရှေ့ဆောင်ရှေ့ရွက် အားထုတ်လုပ်ကိုင်ခဲ့တဲ့ အတွေ့အကြုံတွေ ရရှိပြီးဖြစ်တယ်။ ရှေ့ဆက်ပြီးတော့လည်း ဒီလိုမွန်မြတ်တဲ့လုပ်ငန်း တွေကို အောင်အောင်မြင်မြင် လုပ်ကိုင်နိုင်ဖို့ ဒို့ရဲ့စွမ်းအားတွေ၊ လုပ်ရည် ကိုင်ရည်တွေကို အမြဲအဆင့်မြှင့်တင်နေဖို့ လိုအပ်တယ်။

စည်းရုံးရေးဟာ အဖွဲ့အစည်းတစ်ခုအတွက် အရေးပါတဲ့ လိုအပ်ချက် ဖြစ်တဲ့အတွက် အမြဲရှင်သန် အားကောင်းတဲ့ စည်းရုံးရေးဖြစ်အောင် ကြိုးပမ်း ဆောင်ရွက်နေကြရမှာဖြစ်တယ်။ တူညီတဲ့ ယုံကြည်ချက်၊ ခံယူချက်တွေနဲ့ မိမိအပါအဝင် ပြည်သူတစ်ရပ်လုံးရဲ့ အခြေခံကျတဲ့ အကျိုးတူလုပ်ငန်းတွေ ကို အတူတကွ တက်တက်ကြွကြွ လုပ်ဆောင်လာစေဖို့ စေ့ဆော်ဦးဆောင် နိုင်ခြင်းဟာ စည်းရုံးရေးထက်မြက်နေခြင်းပဲ ဖြစ်တယ်လို့ နားလည်ခံယူ ရမှာဖြစ်တယ်။

ဒီနေရာမှာ သဘောတရားရော လက်တွေ့ပါ ပေါင်းစပ်ပါဝင်တဲ့ စည်းရုံးရေးဖြစ်မှလည်း စည်းရုံးရေးဟာ ရေရှည်ခိုင်မာ အသက်ဝင်မှာဖြစ်ကြောင်း အလေးအနက် ခံယူထားကြဖို့လိုတယ်။ သဘောတရားကိုသာ ရှေ့တန်း တင်ပြီး ပြည်သူတွေရဲ့အကျိုးကို လက်တွေ့ဖော်ဆောင်ခြင်းမရှိတဲ့ စည်းရုံးမှု မျိုးဟာ အောင်မြင်မှုမရှိနိုင်သလို သဘောတရားမပါတဲ့ လက်တွေ့လုပ်ငန်း သက်သက်နဲ့ စည်းရုံးမှုမျိုးဟာလည်း ရေရှည်ခိုင်မာမှု မရှိနိုင်တာကို သိဖို့လိုတယ်။ လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်၊ လူတစ်စုအပေါ် အခြေပြုတဲ့ ကျဉ်းမြောင်းတဲ့ စည်းရုံးရေး၊ ငါးပွက်ရာ ငါးစာချတဲ့ ပေါ်ပင် စည်းရုံးရေး တွေဟာလည်း အခြေအမြစ်မခိုင်တဲ့ လူပြိန်းကြိုက် စည်းရုံးရေးတွေဖြစ် ကြောင်း သိရှိဖို့ လိုအပ်တယ်။ ဒါ့ကြောင့် မောင်တို့ မယ်တို့ကို အလေးထားပြီး မှာကြားလိုတာကတော့–

– နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးကြီးက ချမှတ်ထားတဲ့ ရှေ့လုပ်ငန်းစဉ် များအတိုင်း မိမိတို့နယ်မြေ အသီးသီးရဲ့ ဖွံ့ဖြိုး တိုးတက်မှု ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက် သွားကြပါ။

– ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး တို့အတွက် စစ်မှတ်တဲ့ မျိုးချစ်စိတ်ဓါတ်နဲ့ ဝိုင်းဝန်းထိမ်းသိမ်း ကာကွယ်သွားကြပါ။

– နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် ပြည်သူများနဲ့ ဝိုင်းဝန်းလက်တွဲ ဆောင်ရွက်သွားကြပါ။
– နိုင်ငံတော် နဲ့ ပြည်သူများ အကျိုးကို ထိပါးနှောင့်ယှက်မှု မှန်သမျှအား မပြတ်သော သတိ၊ စွန့်လွှတ် စွန့်စားသော သတ္တိ၊ ကျစ်လစ်ခိုင်မာသော အင်အားတို့ဖြင့် အောင်မြင်စွာ ဖယ်ရှားကျော်လွှား သွားကြပါ လို ပြောကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။

မြန်မာ့အလင်း သတင်းစာ ၂၈–၁၁–၂၀၀၉ နေ့မှ ပြန်လည်ကူးယူဖော်ပြထားပါသည်။

*The speech delivered by Patron of the Union Solidarity and Development Association Chairman of the State Peace and Development Council Commander-in-Chief of Defence Services Senior General Than Shwe on the occasion of the fifth day session of the USDA Annual General Meeting (2009) on 27-Nov-2009,* NAY PYI TAW,.

I would like to extend my warmest greetings to all members of the Union Solidarity and Development Association including you attending the Annual General Meeting.

Our association has been implementing the process for building a new nation, as aspired by the public hand in hand with the people for 16 years. Now, our association has become mature with a lot of experiences of organizing measures and cooperation in shouldering responsibilities for State stability and development. Our association was formed with those who joined it of their own accord to contribute towards the lofty aim of restoring stability and peace, perpetuation of the Union, and generating better living conditions for the people. Our association does not represent any particular individual, organization or social class only, and therefore, the association is free from personality cult, attachment to own organization, and sectarianism that can make a negative impact on its unity. The association stays in touch with the people and is capable of serving their interest, and it has expanded and consolidated with the public support, as a result. The process of building a new nation is now in progress according to the past events, present objective conditions and future prospects. It is the public concern, so the entire people have to take part in the national duty with correct conviction and a sense of patriotism.

**Relaying the national duty from one generation to the next calls for improvement of the infrastructures that guarantee perpetuation and sustainable development of the nation**. The successors on their part are to keep in touch with the noble aim to achieve greater improvement, taking advantage of the already improved infrastructures.

Stability and peace are the focal point of the drive for creating a better future of the nation. Almost all the regions in the nation including border areas, home to national races, have begun to enjoy the taste of stability and peace due to the unity of the government, the people and the Tatmadaw, the top priority given to national unity for national development, and the people's aspiration to stability and peace. In response to and recognition of the common desire, members have to make sustained efforts in the long-term interest of the Union.

With State stability and peace, the 24 Special Regions Development Project, the Border Areas Development Project, and the Five Rural Development Project were

adopted for equitable development of all parts of the Union. Members are doing their bit in the projects in all regions.
It is to make sure that every citizen has their basic needs of food, clothing and shelter fulfilled. In that regard, we place emphasis on boosting agricultural production for public food security.

The nation's total sown acreage jumped from 19.9 million in 1988 to 29.32 million in 2008-2009. So far, the Tatmadaw government has constructed 228 dams, 322 river water pumping stations and 7962 underground water tapping stations in addition to building and rebuilding small dams and lakes for supply of adequate irrigation water. That programme benefits over 3.6 million acres of farmlands. From 1988 to 2008-2009, the percentage of agricultural farmland utilization increased from 120 per cent to 171.1 per cent, and total sown acreage, from 23.8 million to 56.9 million.
Rice is the staple food of our people. We have managed to ensure food security for the growing population. **The paddy output surged to 1561 million baskets in 2008-2009 from 631 million in 1988.**

**Not only is the nation enjoying food security, but helping address the food problems of many other countries**. Our country is trying to meet the targeted paddy output of 2000 million baskets by doing research on hybrid paddy strains, using high-yield paddy strains, supplying necessary inputs, and improving irrigation systems. The sown acreage of beans and pulses stood at only 1.8 million in 1988, but in 2008-2009, that rose to 10.57 million, and the total output of beans and pulses reached 5.33 million metric tons.

Myanmar is the largest pea producing country in ASEAN, and is working together with member countries for boosting production of beans and pulses in the region. The total sown acreage of edible oil crops is now 9.28 million, up from only five million in 1988. With the introduction of Ngwechi (6) cotton strain, the per acre cotton yield has gone up from 400-500 to 1600 viss. That has heralded the nation's prospects for sufficient supply of clothing.

Up to now, the government has established 826,000 acres of teak and other species of hardwood trees that are used for public housing. Moreover, it has given green light to set up 270,000 acres of private-owned teak and hardwood trees. Teak, hardwood trees and other plantations have been set up in villages, totaling over 28,000 acres for rural housing. Urban population has increased considerably, so the government is now implementing urbanization projects for those who have not had housing and illegal tenants. The government pays serious attention to improving the living standard of the people.

Industrialization is part of the drive for national development. While trying to boost agricultural production, the government is establishing industrial zones, numbering 18 to scale up the improvement of the private-owned industries in the industrial sector. In 1988, the number of State-owned factories was 624, and that of private-

owned factories was 35,000, but now the numbers have touched 768 and over 118,000 respectively.

Secure and smooth transport can bring about improvement of social-economic life and friendship of the people. Now, the whole nation has seen a network of inter-village roads, roads linking rural and urban areas, and inter-district roads, roads linking one state and division and another, and highways. Furthermore, the government has upgraded old roads. **The total length of the roads has hit over 41,700 miles, up from only over 21,000 miles in 1988. More than that, it has built rural roads stretching over 39,400 miles for rural development.**

In the time of the Tatmadaw government, old railroads are upgraded and new ones are built. The total length of railroads has increased from 2793.86 miles in 1988 to 4338.9 miles. Pathein-Hinthada completion Kyangin Railroad is being extended to Pakokku. A plan has been adopted to build Pathein-Einme-Nyaungdon-Hlaingthaya Railroad along with a new bridge over the Ayeyawady River. There has been a plan to build Pyay-Toungoo Railroad through Bago Yoma mountain range, Malun-Pahtanago-Thityagauk Railroad to link Pathein-Pakokku Railroad and Nay Pyi Taw, Sittway-An-Minbu Railroad, Katha-Bhamo Railroad, Mongnai-Kengtung Railroad, Phayangazu- Pyawbwe-Natmauk-Magway Railroad, and Dawei-Myeik Railroad, stretching more than 1,200 miles.

In 1988, the nation got only five bridges crossing the rivers Ayeyawady, Chindwin, Thanlwin and Sittoung. From that time onwards, 18 more bridges have been constructed spanning those rivers. **Plans are under way to build four more bridges in Sinkhan (Bhamo), Pakokku, Malun and Nyaungdon for further regional development. Now, the nation has witnessed 232 over-180-foot bridges and 55 railroad bridges.**

Moreover, new airports were constructed and some airports were upgraded. The number of airports with over 5000 feet long runways increased up to 37 from 21 airports in the past. Now, Nay Pyi Taw Airport is under construction to meet the international standard.

Before 1988, there were 13 wharves where ocean liners could dock, and now, there are 28 more wharves where containers can be tackled and three more inland container yards. Construction tasks commenced to build deep sea ports in Kyaukphyu and Dawei. In the communications sector, a total of 936,820 auto telephones have been installed, and over 1,010,000 mobile phones are in use. As a result, the telephone users have easy access to offshore seas and rural areas. Moreover, services related to fax, e-mail and Internet have improved.

Arrangements are being made to enable the people to increase consumption of electric power. In the past, only 228 megawatts could be generated through hydropower plants. The completed hydropower plants have added rose the generating

of 1197 megawatts. At present, a total of 2255.6 megawatts are being generated from the power plants across the nation. On completion of 47 hydropower projects, a total of 37467.5 megawatts can be added to the power grids. In addition, plans are under way to implement five projects that can generate over 1,000 megawatts. In the future, the hydropower projects will produce 38,467.5 megawatts. At the same time, power grids are under construction.

**Efforts are being made to increase production of oil and natural gas on offshore and inland regions. Work is under way to exploit valuable underground resources.**

The human resources development is a basic need in building a nation. With the opening more basic education schools, the number of basic education schools reached 40,679. There are 6601 Basic Education Post-Primary Schools where the students can pursue education up to 8th standard, 1723 Affiliated Basic Education Middle Schools and Basic Education Middle School Branches and 1092 Affiliated Basic Education High Schools and Basic Education High School Branches. Indeed, the arrangements were made to enable the students to enjoy the opportunity for learning education in their respective native places. In the 2009- 2010 academic year, the country has 98.25% school enrolment rate of the children of five years old and 94.89% adult literacy rate.

Arrangements were made to enable the students to pursue higher education in the respective regions. In so doing, the number of universities and colleges rose up to 159 from 32 universities and colleges in the past.

With regard to the health sector, 253 new hospitals were constructed and 264 facilities were upgraded. Now, there are 814 hospitals in the nation. Moreover, a total of 16 medical universities were opened. Emphasis is being placed on health and longevity of the people.

Youths,

Today, we have maintained peace and stability and development through realizing the target with the correct policy, realistic programme and genuine goodwill without losing sight of the goal. These good results came through the unity, the endeavours on own strength for serving the interest of all the national people, the courage with the spirit of sacrifice to overcome the obstacles through correct methods based on genuine patriotic spirit of the government, the people and the Tatmadaw. It is necessary to maintain these fine traditions which are requirements for the emergence of a new nation the people long for.

Emergence of a peaceful, modern and developed nation is the ultimate aim of the entire people. **Non-disintegration of the Union, non-disintegration of national solidarity and perpetuation of sovereignty are the policies necessary to be**

**practised without fail.** In addition, the political, economic and social objectives that are being realized are in conformity with the nation's prevailing conditions. The constitution included in the political objectives has been approved through the national referendum and it is necessary to make sure that it is an enduring constitution. The other remaining political objectives are to continue to be realized.

Free and fair elections will be held in 2010 in accord with the publicly-approved constitution. Parties formed based on their different beliefs will get involved in political activities.

Looking back to Myanmar's history in the post independence period, instead of endeavouring for national development the nation was divided due to various isms, narrow racism, egoism, sectarianism and personality cult, resulting in armed insurgencies and loss of lives and public property.

In 1988 the nation had to experience anarchism and tragedies because of the riots created by some people and party organizations wanting to seize power through short-cut on the pretext of democracy and human rights and due to the instigation of some organizations from outside.

These incidents really happened in the history of our country. Each and every party has its belief and ideology. But they need to uphold non-disintegration of the Union, non-disintegration of national solidarity and perpetuation of sovereignty as they are the historical requirements of the State. For the improvement of socio-economy of the people, we should not go backward and we are to try to make progress step by step by maintaining the already-achieved fruitful results.

Our USDA is a well-experienced association that is cooperating with the people in the tasks for the wellbeing of the nation such as for peace and stability and development of the State and for rescue and rehabilitation measures whenever a natural disaster occurs. So we need to try to improve our skills and abilities in order to successfully carry out such noble tasks.

Organizational skills are the important requirement of an association so we have to keep those skills improving forever. We must understand that being able to lead and organize the people to participate in nation's welfare tasks with the same belief and conviction means we are sharpening our organizational skills.

In this regard, we should be well aware of the fact that those organizational tasks will be enduring and lively only when they are implemented both practically and theoretically. Such an organizational task that is implemented only theoretically without any effort to serve the public interest cannot achieve success.

Likewise, an organizational task without a theoretical basis cannot achieve long-term success. We must also know that a narrow-minded organizational attitude that is based on a person or a group is groundless and outdated.

Therefore, you are to strive for development of your respective regions in accord with the future work programmes adopted by the association's annual general meeting, to safeguard non-disintegration of the Union, non-disintegration of national solidarity and perpetuation of sovereignty with true patriotic spirit, to cooperate with the people in successful implementation of the seven-step Road Map and to thwart any attempt to harm the interests of the State and the people with courage and strength. —*MNA*

Source: The New Lights of Myanmar 28-Nov-2009